**သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ**

**လွယ်တိုင်းလျဲန်း ဗဟိုဌာနချုပ်**

**ဗဟိုအလုပ်အမှုဆောင်ကော်မတီအစည်းအဝေး**

**“သဘောထားထုတ်ပြန်ကြေညာချက်”**

**၂၀၁၃ ခုနှစ် အောက်တိုဘာလ (၁) ရက်**

၂၀၁၃ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ လွယ်တိုင်းလျဲန်း ဗဟိုဌာနချုပ်တွင် အရေးပေါ် ဗဟိုအလုပ်အမှုဆောင်ကော်မတီ အစည်းအဝေးတရပ် ကျင်းပကာ ၂ နှစ်နီးပါး အပစ်အခတ်ရပ်စဲထားသည့်ကာလအတွင်း လုပ်ငန်းအကောင်အထည်ဖော်ဆောင် ရွက်မှုများအား ပြန်လည်သုံးသပ်ခဲ့ပြီး အောက်ပါအတိုင်း ဗဟိုအလုပ်အမှုဆောင်ကော်မတီအစည်းအဝေး သဘောထားထုတ်ပြန်ကြေညာချက် ထုတ်ပြန်ကြေညာအပ်ပါသည်။

၁။ ၂ နှစ်နီးပါး အပစ်အခတ်ရပ်စဲထားသည့်ကာလ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှု များအား ပြန်လည်သုံးသပ်ရာ –

(၁–၁) ၂၀၁၃ ခုနှစ် ဇွန်လ (၉) ရက်မှ (၂၃) ရက်အထိ သျှမ်းပြည်ပြန်လည်ထူထောင်ရေး ကောင်စီ ဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီးယွက်စစ်၏ ငြိမ်းချမ်းရေးတည်ဆောက်ရေး ပြည်တွင်းခရီးစဉ်အတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတဦးသိန်းစိန်နှင့်တကွ ပြည်ထောင်စုဝန်ကြီးများနှင့် နေပြည် တော်တွင် သွားရောက်တွေ့ဆုံဆွေးနွေးခဲ့ပြီး ရန်ကုန်မြို့၊ မန္တလေးမြို့၊ တောင်ကြီးမြို့၊ ကျောက်မဲမြို့၊ ပင်လုံမြို့ နှင့် တာချီလိတ်မြို့များ၌ နိုင်ငံရေးပါတီခေါင်းဆောင်ကြီးများ၊ ဝါရင့်နိုင်ငံရေးခေါင်းဆောင်များ၊ ပြည်သူလူထု များနှင့် သွားရောက်တွေ့ဆုံဆွေးနွေးကာ နိုင်ငံရေးအမြင်သဘောထားများ အပြန်အလှန်နှီးနှောဖလှယ် ဆွေးနွေးနိုင်ခဲ့သောကြောင့် ငြိမ်းချမ်းရေးတည်ဆောက်ရေးအတွက်အကျိုးပြုသည့် ခရီးစဉ်တခု ဖြစ်ကြောင်း သုံးသပ်သည်။

(၁–၂) ၂ နှစ်နီးပါး အပစ်အခတ်ရပ်စဲထားသောကာလအတွင်း (၂၀၁၁ခုနှစ် ဒီဇင်ဘာလ ၂ရက်နေ့ မှ ၂၀၁၃ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့အထိ) သျှမ်းပြည်တပ်တော် (RCSS/SSA) နှင့် တပ်မတော် စစ် တပ်များအကြား ပြန်လည်ဖြစ်ပွားခဲ့သော တိုက်ပွဲဖြစ်စဉ်များအား ပြန်လည်သုံးသပ်ရာ တိုက်ပွဲအကြိမ် ပေါင်း (၁၃၃) ကြိမ်ဖြစ်ပွားခဲ့ပြီး၊ တိုက်ပွဲပေါင်း (၁၂၂) ကြိမ်မှာ တပ်မတော်မှ အပစ်အခတ်ရပ်စဲရေး သဘော

တူညီချက်များအတိုင်း လိုက်နာဆောက်ရွက်ခြင်းမရှိဘဲ မိမိတို့ သျှမ်းပြည်တပ်မတော် (RCSS/SSA) အား စစ်ရေးအရ စနစ်တကျ စစ်ဆင်ရေးများဆောင်ရွက်ပြီး တိုက်ခိုက်ခဲ့သည့် တိုက်ပွဲများဖြစ်ကြောင်း၊ နောက်ဆုံးဖြစ်ပွားခဲ့သည့် တိုက်ပွဲအကြိမ်ပေါင်း (၁၁) ကြိမ်မှာ သျှမ်းပြည်တပ်မတော် (RCSS/SSA) အနေဖြင့် အစိုးရနှင့် တပ်မတော်ထံသို့ ပြန်လည်ဖြစ်ပွားနေသောတိုက်ပွဲများနှင့် ပတ်သက်၍ ပြန်လည်သုံးသပ်ဖြေရှင်းပေးရန် စာဖြင့်သော်လည်းကောင်း၊ အီလက်ထရောနစ်စာဖြင့်သော်လည်းကောင်း၊ တွေ့ဆုံဆွေးနွေး၍သော်လည်းကောင်း နည်းလမ်းအမျိုးမျိုးဖြင့် အကြိမ်ကြိမ်တောင်းဆိုခဲ့သော်လည်း၊ ပြန်လည်အကြောင်းကြားခြင်း၊ ဖြေရှင်းပေးခြင်းများမရှိသည့်အပြင်၊ မိမိတို့ သျှမ်းပြည်တပ်မတော် (RCSS/SSA) ၏ နယ်မြေများအတွင်း စစ်ဆင်ရေးများ ပိုမိုဆောင်ရွက်လာသောကြောင့် ပြန်လည်တုန့်ပြန်တိုက်ခိုက်ခဲ့သည့် တိုက်ပွဲများဖြစ်ကြောင်းနှင့် အပစ်အခတ်အခတ်ရပ်စဲထားသည့် ၂ နှစ်နီးပါးကာလအတွင်း တိုက်ပွဲအကြိမ် စုစုပေါင်း (၁၃၃) ကြိမ် ပြန်လည်ဖြစ်ပွားခဲ့ရကြောင်း သုံးသပ်သည်။

၂။ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ၏ ငြိမ်းချမ်းရေးဖော်ဆောင်ရေးကော်မတီကို ပြန်လည်ဖွဲ့စည်းပြီး ငြိမ်းချမ်းရေးနှင့် စည်းလုံးညီညွတ်ရေးအား ရှေးရှုကာ အသစ်ပြန်လည်ဖွဲ့စည်းထားသော ငြိမ်းချမ်းရေးဖော်ဆောင်ရေးကော်မတီတွင် သျှမ်းပြည် ဒေသခံပြည်သူလူထုများ အဖက်ဖက်မှ လက်တွဲပူးပေါင်းပါဝင်နိုင်စေရန် အောက်ပါရည်ရွက်ချက်များဖြင့် လက်ကမ်း ဖိတ်ခေါ်အပ်ပါသည်။

(၂-၁) သျှမ်းပြည် စည်းလုံးညီညွတ်မှု တည်ဆောက်ရေး။

(၂-၂) နိုင်ငံတော်အစိုးရနှင့် နိုင်ငံရေးဆွေးနွေးရေး။

၃။ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီအနေဖြင့် နိုင်ငံတော်အစိုးရမှ ကျင်းပပြုလုပ်မည့် နိုင်ငံတော်နှင့် သက်ဆိုင်ရာတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံး အဖက်ဖက်မှပါဝင်သည့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူညီချက် လက်မှတ်ရေးထိုးပွဲဖြစ်မြောက်ရေးအတွက် ထောက်ခံအားပေးအပ်ပါသည်။

၄။ နိုင်ငံတော်အစိုးရနှင့် တပ်မတော်အား မိမိတို့ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ သျှမ်းပြည်တပ်မတော် (RCSS/SSA) နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီလက်မှတ်ရေးထိုးထားသော သဘောတူညီချက် (၃၁) ချက်အတိုင်း လိုက်နာဆောင်ရွက်ပေးရန် တောင်းဆိုကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ

သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ